
# ဘဲကလေး ဘာကြောင့်ငို



# ဘဲကလေး
# ဘာကြောင့်ငို






ဟိုး . . . ရှေးရှေးတုန်းက တောအုပ်ကြီး
တစ်ခုမှာ ကိုမျောက်ညို၊ ကိုဝက်ဝံ၊
ကိုရွှေယုန်နဲ့ ရွှေဘဲကလေးတို့ဟာ စည်းလုံး
ညီညာပျော်ရွှင်စွာ နေထိုင်ကြတယ်။





J



တစ်နေ့မှာ သူငယ်ချင်းလေးဦးဟာ ပင်လယ်ပြင်ကြီးကို စူးစမ်းလေ့လာချင်တဲ့ အတွက် ပင်လယ်ခရီးကို ရွက်လှေတစ်စီးနဲ့ ခရီးထွက်ခဲ့ကြတယ်။








ခရီးထွက်စမှာ ရာသီဥတုသာယာလို့
သူတို့ခရီးစဉ်ဟာ အဆင်ပြေခဲ့ကြတယ်။









ဒီလိုနဲ့ ဆက်သွားနေရင်း တစ်နေ့မှာတော့ ကောင်းကင်ပြင်မှာ မိုးတွေ မည်းလာတယ်။ လေပြင်းတွေ တိုက်လာတယ်။









နောက်ဆုံးမှာတော့ သူတို့ရွက်လှေဟာ ကျောက်ဆောင်တစ်ခုကို ဝင်တိုက်မိပြီး ရွက်လှေကွဲသွားလို့ ဆက်ပြီး ခရီးသွားလို့ မရတော့ဘူး။









ရေကူးတတ်တဲ့ဘဲကလေးက ဒီလို တွေးတယ်။ 'ငါဟာ ရေကူးတတ်သားပဲ။ ဒီမှာနေရင် အစာငတ်သေလိမ့်မယ်။ ကဲ . .' ဆိုပြီး ရေထဲကူးပြေးတာကို ကျန်တဲ့ သူငယ်ချင်းသုံးဦးက စိတ်ပျက်စွာကြည့်ရင်း ရွက်လှေပျက်ပေါ်မှာ ကျန်ရစ်ခဲ့ကြတယ်။









ကျန်ခဲ့တဲ့ သူငယ်ချင်းသုံးယောက်က
ရွက်လှေကို စုပေါင်း ပြင်ဆင်ကြတယ်။










ရွက်လှေ ကောင်းသွားတော့ ခရီး ပြန်ထွက်ဖို့ ပြင်ဆင်ကြတယ်။ 'တို့တစ်တွေ အရင်လိုမဟုတ်ဘဲ ဒီရွက်လှေ ခရီးပေါက်ဖို့ စုပေါင်း တာဝန်ယူရမယ်။ ကိုယ့်တာဝန် ကိုယ်ကျေရင် လမ်းမှာ ဘာအန္တရာယ်မှ မရှိနိုင်တော့ဘူး' လို့ ရွှေယုန်က အကြံပြုတယ်။









ရွှေယုန်ရဲ့ အကြံပြုချက်ကို လက်ခံပြီး ရွှေယုန်ကိုပဲ ခေါင်းဆောင်အဖြစ် ရွေးချယ်လိုက်ကြတယ်။








ရွှေယုန်က တာဝန်တွေ ခွဲဝေပေးတယ်။
'ကိုမျောက်ညိုက ရွက်တိုင်ပေါ်တက်ပြီး
လေနဲ့ရေလမ်း ကြည့်ပါ။ ဗလကောင်းတဲ့
ကိုဝက်ဝံက လှေကိုလှော်ခတ်ပါ။ ကျုပ်က
ကျန်တဲ့အသေးစိတ်လုပ်ငန်းတွေနဲ့
ရေကြောင်းမာလိန်မှူးတာဝန် ယူမယ်။'








ဒီလိုနဲ့ ခရီးထွက်လာလိုက်တာ တစ်နေ့ရာမှာတော့ ‘ဟေး. . .ဟိုမှာ. . ဟိုမှာ. . တို့သူငယ်ချင်း ရွှေဘဲကလေးကို မိကျောင်းကြီးက လိုက်နေတယ်။ အဲဒီ အနားကို မြန်မြန်လှော်စမ်း’






JJ



ဒီလိုနဲ့ ရွှေဘဲကလေးရဲ့အသက်ကို ကယ်လိုက်နိုင်တယ်။ မိကျောင်းကြီးလည်း ကိုဝက်ဝံရဲ့ လျှော်တက်ရိုက်ချက်ကြောင့် သေသွားတယ်။






J9



လှေပေါ်ရောက်တော့ ရွှေဘဲကလေးဟာ မျက်ရည်တွေကျလာပြီး ဝမ်းနည်းစွာ ငိုနေရှာတယ်။

'ဘဲကလေး ဘာကြောင့်ငိုတာလဲ။'








သရုပ်ဖော်ကာတွန်း - မိုးထက်မိုး

design - မိုးထက်မိုး



ယူနီဆက်မှ အခမဲ့ ဖြန့်ဝေသည်။

ရောင်းချရန် မဟုတ်ပါ။